
# အကောင်းဆုံး ကနဦး သူငယ်တန်းအကဲဖြတ်မှု

## မိဘများနှင့် အုပ်ထိန်းသူများ အတွက် လမ်းညွှန်ချက်

**အကောင်းဆုံး ကနဦး သူငယ်တန်းအကဲဖြတ်မှု (Best Start Kindergarten Assessment) ဆိုသည်မှာ သူငယ်တန်းအစတွင် ကျောင်းသားတစ်ဦးချင်းစီ၏ အင်္ဂလိပ် စာတတ်မြောက်မှုနှင့် ဂဏန်းသင်္ချာတတ်မြောက်မှုများက ဆရာ/ဆရာမများက ဆန်းစစ်အကဲဖြတ်ရန် ကူညီပေးသည့် နိုင်ငံအနှံ့ဆောင်ရွက်သော အကဲဖြတ်ချက်တစ်ခု ဖြစ်သည်။**




ကလေးများသည် ကမ္ဘာကြီးနှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိလူများနှင့် ဆက်သွယ်ရာမှ ရရှိလာသော အသိပညာနှင့် နားလည်မှုများ၊ စာပေနှင့် ဂဏန်းသင်္ချာတို့ကို အတိုင်းအတာ တစ်ခုထိ အရင်ဆုံး တတ်မြောက်ပြီးမှ ကျောင်းစတက်ကြခြင်း ဖြစ်သည်။ အကောင်းဆုံး ကနဦး သူငယ်တန်းအကဲဖြတ်မှုတွင် စာတတ်မြောက်မှု အပိုင်းနှင့် ဂဏန်းသင်္ချာတတ်မြောက်မှု အပိုင်းတို့ပါဝင်ပြီး ကျောင်းသားတစ်ဦးချင်းစီ၏ အားသာချက်များနှင့် လိုအပ်ချက်များဆိုင်ရာ အချက်အလက်များကို ဆရာ/ဆရာမများအား ပံ့ပိုးပေးပါသည်။

ကျောင်းသားများ၏ သိရှိမှုအပေါ် အခြေခံသည့် သင်ကြားရေးနှင့် သင်ယူမှု အစီအစဉ်များကို ဖော်ဆောင်ရန် ဤအကဲဖြတ်ချက်က ဆရာ/ဆရာမများကို အထောက်အကူပေးပါသည်။ ဆရာ/ဆရာမများသည် ကျောင်းသားတစ်ဦးစီနှင့် အတူထိုင်ပြီး သူတို့ဘာလုပ်နိုင်သလဲဆိုတာကို အာရုံစိုက်ကြသည်။ သင့်ကလေး အနေဖြင့် ဤအကဲဖြတ်မှုအတွက် ပြင်ဆင်ရန် သို့မဟုတ် လေ့လာရန် မလိုအပ်ပါ။ ကလေးများသည် မတူညီသောနှုန်းထားဖြင့် သင်ယူခြင်းဖြစ်သောကြောင့် သင့်ကလေးသည် မေးခွန်းအားလုံးကို မဖြေနိုင်လျှင် စိုးရိမ်စရာ မလိုပါ။

အကဲဖြတ်ပြီးနောက် များမကြာမီ အကဲဖြတ်မှုအတွင်း သင့်ကလေးပြသခဲ့သော ကျွမ်းကျင်မှု၊ အသိပညာနှင့် နားလည်မှုဆိုင်ရာ အချက်အလက်များကို ဆရာ/ဆရာမများက သင့်အား ပေးပါလိမ့်မည်။

အကောင်းဆုံး ကနဦး သူငယ်တန်းအကဲဖြတ်မှုသည် ကျောင်းသားအားလုံးနှင့် သက်ဆိုင်ပါသည်။ အင်္ဂလိပ်စာသည် သင့်မိခင်ဘာသာစကား မဟုတ်ပါက (သို့မဟုတ်) သင့်ကလေးသည် ထိန်းကျောင်းတည့်မတ်မှုများပြုလုပ်ရန် လိုအပ်ပါက သင့်ကလေးအား မည်ကဲ့သို့ ကူညီပေးနိုင်သည်ကို ပိုမိုသိရှိရန် ကျောင်းသို့ဆက်သွယ်ပါ။

## စာတတ်မြောက်မှု အကဲဖြတ်ခြင်း

စာတတ်မြောက်ရေး လုပ်ငန်းများကို ကျောင်းသားများသည် ၎င်းတို့၏ အမည်ကို ရေးနိုင်/မရေးနိုင်၊ အသံ၊ စာလုံးများနှင့် ရင်းနှီးသော စကားလုံးများကို မှတ်မိနိုင်မှု ရှိ/မရှိ သိရှိနိုင်စေရန်နှင့် ၎င်းတို့အား ဖတ်ပြဖူးသော စာအုပ်ငယ်များအကြောင်း အသေးစိတ် အချက်အလက်များကို ပြန်လည်မှတ်မိနိုင်ခြင်း ရှိ/မရှိ အကဲဖြတ်နိုင်ရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။

စာတတ်မြောက်မှု အကဲဖြတ်မှုအတွင်း ဆရာ/ဆရာမက သင့်ကလေးအား အောက်ပါကဲ့သို့သော မေးခွန်းများကို မေးလိမ့်မည်။

- ဤ map, tap စကားလုံးများကို နားထောင်ကြည့်ပါ။ အလားတူကာရန်တူသော အခြားစကားလုံးကို စဉ်းစားနိုင်ပါသလား။
- (စာအုပ်ငယ်လေးတစ်အုပ်ကို ဖတ်ပြပြီးနောက်) 'အခုန ဆရာ ဖတ်ပြလိုက်တဲ့ ဇာတ်လမ်းအကြောင်း ပြောပြပေးနိုင်မလား'

သင့်ကလေးသည် အသံတူသော စကားလုံးများကို မှတ်မိနိုင်ခြင်း ရှိ/မရှိ နှင့် ၎င်းတို့အား ဖတ်ပြထားသည့် စာအုပ်ငယ်လေးမှ အချက်အလက်များကို ပြန်မှတ်မိနိုင်မှု ရှိ/မရှိ ဆရာ/ဆရာမများက ဆုံးဖြတ်နိုင်စေရန် ဤမေးခွန်းများက ကူညီပေးသည်။ ဤအရာများသည် ကျောင်းတက်သည့် ပထမဆုံးနှစ်တွင် ကလေးများတတ်မြောက်လာမည့် အရေးပါသော စာပေတတ်မြောက်မှု စွမ်းရည်များ ဖြစ်သည်။

## ဂဏန်းသင်္ချာ အကဲဖြတ်ခြင်း။

ကိန်းဂဏန်းဆိုင်ရာ  လုပ်ဆောင်ချက်များသည် ကနဦးဂဏန်းသင်္ချာသဘောတရားများနှင့် ဆက်စပ်နေပြီး ကျောင်းသားတစ်ဦးသည် မည်မျှကောင်းမွန်စွာရေတွက်နိုင်သည်၊ မည်သည့်ဂဏန်းများကို မှတ်မိနိုင်သည်၊ အရာဝတ္ထုများကို ရေတွက်နိုင်ခြင်း ရှိ/မရှိ၊ ကိန်းဂဏန်းငယ်များကို ပေါင်း၊ နုတ်နိုင်ခြင်း ရှိ/မရှိ နှင့် ထပ်တလဲလဲဖြစ်ပျက်နေသော ပုံစံများကို သိရှိနိုင်မှု ရှိ/မရှိ အကဲဖြတ်နိုင်ရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။

ဂဏန်းသင်္ချာအကဲဖြတ်စဉ် ဆရာ/ဆရာမက သင့်ကလေးအား အောက်ပါကဲ့သို့သော မေးခွန်းများကို မေးလိမ့်မည်။

- တစ်ကနေ စ၊ ရေတွက်ပြီး ရပ်ရမည့်နေရာရောက်ရင် ဆရာပြောမယ်
- '(5)ဒီနံပါတ်က ဘာလဲဆိုတာ ပြောပြနိုင်မလား' ။

သင့်ကလေးသည် နံပါတ်များကို မှတ်မိနိုင်ပြီး အစဉ်လိုက် ရေတွက်နိုင်ခြင်း ရှိ/မရှိ ဆရာ/ဆရာမများက ဆုံးဖြတ်ရန် ဤမေးခွန်းများက ကူညီပေးပါမည်။ ဤအရာများသည် ကျောင်းတက်သည့် ပထမဆုံးနှစ်တွင် ကလေးများတတ်မြောက်လာမည့် အရေးပါသော ဂဏန်းသင်္ချာတတ်မြောက်မှု စွမ်းရည်များ ဖြစ်သည်။

**Best Start Kindergarten Assessment အကြောင်း ထပ်မံသိရှိလိုပါက သင့်ကလေး၏ ကျောင်းသို့ ဆက်သွယ်ပါ။**

အကယ်၍ သင်သည် စကားပြန်လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုသို့ ဆက်သွယ်ပါ။ ၎င်းတို့သည် ကျောင်းနှင့် စကားပြောဆိုရာတွင် ကူညီရန် သင့်ဘာသာစကားပြောသော စကားပြန်တစ်ဦးကို စီစဉ်ပေးနိုင်ပါသည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။